# <u>သခင်တင်မြသို့</u>
## ၂၅ - ၁၁ - ၂၀၀၉

(၁) ဗိုလ်စိုးမောင် ကျဆုံးတာနဲ့ ပတ်သက်ပြီး ရေးတဲ့စာ ဖတ်ရလို့ ခင်ဗျားသိစေဖို့ ဒီစာကို ရေးလိုက်ပါတယ်။

(၂) သခင်တင်ထွန်းနဲ့ဗိုလ်စိုးမောင် တနေရာစီမှာ ကျဆုံးတာပါ။ ဒီကိစ္စက အရေးမကြီးပါ။ အခု ရေးမှာက ဘာ့ကြောင့် ရှမ်းပြည်က ဗကပ ကို ဗိုလ်နေဝင်းက သဲကြီးမဲကြီးအလေးထား စစ်ဆင်ရေးတွေ ဆက်တိုက်လုပ်သလဲဆိုတဲ့ကိစ္စကို ရေးချင်တာပါ။ (သခင်တင်ထွန်းနဲ့ ဗိုလ်စိုးမောင်တို့ ဘယ်တုန်းက ဘယ်လိုကျဆုံးတယ်ဆိုတာကို စစ်ဗိုလ်ဟောင်းတယောက်ရေးတဲ့ စာအုပ်ထဲမှာ ပါပါတယ်။ သူရေးတဲ့ ရက်စွဲက အမှန်ပါပဲ။ ဒါပေမဲ့ သူတို့ မရေးတာတခု ရှိတယ်။ အဲဒါက သတင်းရအောင် ဘယ်လို လူထုကို စစ်ကြောရေး လုပ်ခဲ့သလဲဆိုတာ မရေးဘူး။ တရွာလုံး လူကုန်ဖမ်းပြီး စစ်ကြောရေးလုပ်ခဲ့ပုံ၊ ဆရာစံသူပုန်တုန်းက ဗိုလ်လုပ်ခဲ့သူရဲ့သားကိုဖမ်းပြီး တရွာလုံးရှေ့မှာ ဓားနဲ့မွှန်းကာ ဗကပ စခန်းကို ဖော်ထုတ်ဖို့ စစ်မေးခဲ့ပုံ၊ အဲဒီလိုနဲ့ ကျဆုံးသွားရပုံ ဒါတွေကို ဘယ်တော့မှ မရေးပါဘူး။ သခင်တင်ထွန်း ယာယီစခန်းချနေတဲ့ နေရာကိုပြဖို့ ဘယ်နည်းနဲ့ စစ်ကြောရေးလုပ်ခဲ့သလဲဆိုတာကိုလည်း မရေးပါဘူး။ သူရဦးထွန်းတင်ကတော့ ရှင်းတယ်။ သခင်တင်ဖေကို ဘယ်လိုကျဆုံးအောင် တိုက်ခဲ့သလဲဆိုတာကို လုံးလုံးမရေးပါဘူး။ "သူရ" ဘွဲ့ ဘာကြောင့်ရတယ်ဆိုတာတောင် မရေးပါဘူး။ 'လူထုက သတင်းပေးတယ်' ဆိုတဲ့ အရေးအသားကိုတော့ ခင်ဗျားအနေနဲ့ ရှောင်စေချင်ပါတယ်။

(၃) အဓိက ရေးချင်တာ (အသိပေးချင်တာ) ကိုပဲ ရေးပါမယ်။

နေဝင်းက ဆူဟာတိုကို အားကျပြီး '၁၉၆၇' မှာ ဆူဟာတို လုပ်ခဲ့သလို လုပ်လိုက်တယ်။

- ၀ အင်ဒိုနီးရှားက ကျွန်းနိုင်ငံပဲ။ ဗမာပြည်က ခြံစည်းရိုးပဲခြားတဲ့ နိုင်ငံပါ။
- ၀ အင်ဒိုနီးရှားကွန်မြူနစ်နဲ့ ပင်လယ်ရပ်ခြားတရုတ်တွေက (အဲဒီတုန်းက) တရုတ်ပြည်ထဲမှာ များများစားစား မရှိဘူး။ ဗမာပြည်ကတော့ သင်တန်း (၃) နှစ်တက်ပြီး ပြန်ဖို့ပို့ထားတဲ့ 'ပညာတော်သင်' တွေ ရှိနေတယ်။ ဗကပ ဗဟိုကော်မတီတွေ၊ PB တွေလည်း တရုတ်ပြည်မှာ ရှိနေတယ်။ မူကြီး (၅) ချက်ကြောင့် သူတို့တတွေ ဗမာပြည် မပြန်နိုင်ကြဘူး။ တရုတ်ပြည်မှာ ရာသက်ပန်ဧည့်သည်ဘဝနဲ့ နေရမလို ဖြစ်နေတယ်။
- ၀ စစ်ရှုံးပြီး ပြေးဝင်လာတဲ့ ဗိုလ်နော်ဆိုင်းတပ်ကလည်း တရုတ်ပြည်မှာ ရှိတယ်။
- ၀ နယ်စပ်မှာ KMT တပ်ကြွင်းတပ်ကျန်တွေကို တိုက်ဖို့မွေးမြူထားတဲ့ လူမျိုးစုပြောက်ကျားတပ်ကလေးတွေကလည်း အများကြီး ရှိတယ်။
- ၀ အင်ဒိုနီးရှားဆူဟာတိုကို ဒဏ်ခတ်ဖို့ မတတ်နိုင်ပေမယ့် နေဝင်းကိုတော့ ဒဏ်ခတ်ဖို့ တရုတ်မှာ သုံးနိုင်တဲ့အင်အား ရှိနေတယ်လို့ ပြောချင်တာပါ။ ဗကပ ဧည့်သည်များကလည်း ဗမာပြည်ပြန်ပြီး တော်လှန်ရေးလုပ်ဖို့ တကျည်ကျည် ပူဆာနေတယ်။
- ၀ နေဝင်းက မူကြီး (၅) ချက်ကို ချိုးဖျက်သလို လုပ်မိတော့ ဗကပ ဟာ ဘယ်တုန်းကမှ ကျည်ဆံတတောင့်၊ လက်နက်တလက် တရုတ်ဆီက မရခဲ့ဖူးပေမယ့် ၁၉၆၇ မှာကျတော့ သုံးမကုန်၊ ဖြုံးမကုန်အောင် ရတယ်။
- ၀ ဗကပ က SSIA, KIA စတဲ့ လူမျိုးစုတပ်တွေကိုတောင် လက်နက်တွေ ထောင်နဲ့ချီပြီး အလှူကြီးပေးနိုင်ခဲ့တယ်။
- ၀ ဗကပ က ပဲခူးရိုးမကို၊ မြစ်ဝကျွန်းပေါ်ကို ဒီလက်နက်တွေ အောတိုက်ပြီး ပို့ချင်တယ်။ ဒါပေမဲ့ လမ်းက မပေါက်ဘူး။ ရှမ်းပြည်အင်းလေးကို ရောက်ဖို့က လွယ်တယ်။ ဒါပေမဲ့ ဟိုဘက်ကို တိုးလို့မရဘူး။ KNU ကို စည်းရုံးတယ်။ မရဘူး။ ပဲခူးရိုးမနဲ့ မြစ်ဝကျွန်းပေါ်မှာ ဗကပ မရှိရင် သူတို့ချည်း အပိုင်စားရမယ် ထင်နေတယ်။ ဒါက အဲဒီတုန်းက မိမိတို့ အခြေအနေ။

(၄) စစ်အုပ်စုအခြေအနေက ဗိုလ်နေဝင်း မိုက်မိုက်ကန်ကန်းလုပ်လိုက်တာ မှားပြီဆိုတာ သူတို့အားလုံး သိနေတယ်။ ဒါပေမဲ့ နေဝင်းကို မပြောရဲဘူး။ ဗိုလ်အောင်ကြီးကတော့ နေဝင်းဆီကို စာပို့တယ်။ "ဗကပ ကို ဟိုချီမင်းလမ်း ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ်အထိဖောက်ခွင့် မပေးလိုက်ပါနဲ့။ လမ်းပေါက်သွားရင် သူတို့ရှုံးပြီ။ ဒါကြောင့် ပီကင်းသွားပြီး တောင်းပန်ဖို့ မစ်ရှင်တခု အမြန်လွှတ်ပါ။ အဲဒီ မစ်ရှင်မှာ ဦးနုခေါင်းဆောင်ပြီး သူ့ကို အဖွဲ့ဝင်အဖြစ် ထည့်ပေးပါ။ ဟိုတုန်းကလည်း သူတို့ အတောင်းပန်ကောင်းလို့ 'ဗကပ' တွေ တရုတ်ပြည်က ပြန်မလာနိုင် ဖြစ်ခဲ့ဖူးတယ်" စသဖြင့် စာရှည်ကြီး ရေးတယ်။ ပီကင်းသွားမစ်ရှင်ပြီးမှ သူ့ကို ထောင်ထဲပြန်ထည့်ချင်ထည့်ပါလို့တောင် ပါတယ်။ သူ့ကိုယ်ကျိုး လုံးဝမပါဘူး။ စစ်အုပ်စုအကျိုးဆောင်တာပါလို့ ဆိုချင်ဟန်ရှိတယ်။

ဗိုလ်နေဝင်းက မင်းတို့သွားမှလား၊ ငါသွားတောင်းပန်လိုက်တာက ပိုကောင်းမပေါ့ဆိုပြီး ပီကင်းကို တောင်းပန်ဖို့ လာတယ်။ နေဝင်းက အစိုးရအဖွဲ့ချင်း တရားဝင်ဆွေးနွေးတာမှာ ဗကပ အကြောင်း လုံးဝမပြောဘူး။ ဘေးမှာကျမှ တရုတ်ခေါင်းဆောင်တွေ

နားကိုပေါက်အောင် ဂျပန်ခေတ်တုန်းက သူဟာ ဗကပ ဗဟိုကော်မတီတဦးပါ။ နောက်ကျမှ ဗကပ က သူ့ကို အကြောင်းမပြဘဲ ဖြုတ်ပစ်တာပါ။ ဗကပ ဟာ သိပ်ပြီးဂိုဏ်းဂဏစိတ်၊ အစုစိတ် ကြီးတယ်ဆိုတာကို ခဏခဏပြောတော့တာပဲ။

တရုတ်ရဲ့လုပ်နည်းကလည်း နိုင်ငံခြားဧည့်သည်တော်လာရင် အစိုးရချင်းကိစ္စတွေ ပြောကြမယ်။ စာချုပ်ချုပ်စရာရှိ ချုပ်ကြမယ်။ အဲဒါပြီးရင် ဧည့်သည်တော်ကို ဧည့်ခံမယ့် ခေါင်းဆောင်တယောက်နဲ့ စကားပြန်အဖွဲ့ပဲ ထည့်ပေးပြီး 'လှည့်လည်ကြည့်ရှုရေး' နဲ့ ဧည့်ခံတဲ့အလေ့ ရှိတယ်။

နေဝင်း အကြိုက်တွေ့တယ်။ မီးရထားပေါ်၊ သင်္ဘောပေါ်စတဲ့နေရာတွေမှာ အဲဒီ 'ကျွန်တော်ဟာ ဗကပ ဗဟိုကော်မတီပါ' ဓာတ်ပြားကို ဖွင့်ပြတော့တာပဲ။

တရုတ်ကို အမျက်ပြေလုပ်ပြီးတော့ ဟိုချီမင်းလမ်းပေါက်ခွင့် မပေးရေး ထိုးစစ်တွေ ဆက်တိုက်လုပ်တယ်။ ရှမ်းပြည်နယ်က အဓိကပဲဆိုတာသိလို့ ရှမ်းပြည်နယ် စစ်ဆင်ရေးတွေ လုပ်တယ်။ အသတ်ခံရတဲ့ လူထုကလည်း မနည်းဘူး။ တရွာလုံး စစ်ကြောရေး ဝင်ကြရပါတယ်။ တောထဲက စစ်ကြောရေးက မြို့ပေါ်နဲ့ မတူပါဘူး။ ပိုပြီးရက်စက်တယ်။ ကြမ်းပါတယ်။ ဘယ်လူ့အခွင့်အရေးသမားမှ (အခုခေတ်လို) မရှိပါဘူး။ ကွန်မြူနစ်ချေမှုန်းရေး လုပ်တာကို အားပေးပါတယ်။

(ဦးနု လက်နက်ကိုင်တော်လှန်ရေးလုပ်တမ်း ကစားတာလည်း ဗိုလ်နေဝင်းရဲ့ တံတိုင်းပြိုရင် သူက ယိုးဒယားနယ်စပ်မှာ တံတိုင်းသစ်တခု တည်ဆောက်ထားချင်လို့ပဲဆိုတာကို လောရုံကို ဆရာတင်ကတည်းက အကင်းပါးသူတိုင်း သိကြမှာပါ။

နေဝင်းက အောင်ကြီး အကြံဉာဏ်အတိုင်း 'ဟိုချီမင်းလမ်းဖေါက်ခွင့် မပေးရေး' လုပ်တော့ ဒုတိယတံတိုင်းကို (အမေရိကန်က) အသုံးမလိုတော့ပါဘူး။ ဒါကတော့ ကြုံလို့ပဲ ရေးတာပါ။) ဒါပါပဲ။